တီကျစ်ကျေးရွာအုပ်စု၊ နောင်မွန်းကျေးရွာ

ပင်လောင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစာတမ်း




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

တီကျစ်ကျေးရွာအုပ်စု၊ နောင်မွန်းကျေးရွာ၊ ပင်လောင်းမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ မတ်လ (၁၂) ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၂ | ၃ |
| ၂ | ကျေးရွာ၏ သယံဇာတပြမြေပုံ | ၄ | ၄ |
| ၃ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | ၅ | ၅ |
| ၄ | ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၆ | ၆ |
| **အပိုင်း(၁)<br>ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** | | | |
| ၆ | တည်နေရာနှင့် ပထဝီအနေအထား | ၇ | ၇ |
| ၇ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ | ၇ |
| ၈ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ | ၇ |
| ၉ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၇ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ | ၈ |
| | (ဂ) ငါးလုပ်ငန်း | ၈ | ၈ |
| | (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၈ | ၈ |
| | (င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု | ၈ | ၉ |
| ၁၀ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ | ၉ |
| ၁၁ | ပညာရေး | ၉ | ၉ |
| ၁၂ | ကျန်းမာရေး | ၉ | ၁၀ |
| ၁၃ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ | ၁၀ |
| ၁၄ | ကျား-မရေးရာ | ၁၀ | ၁၀ |
| ၁၅ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၀ | ၁၂ |
| **အပိုင်း (၂)<br>စီမံချက်ဆိုင်ရာအချက်အလက်များ** | | | |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၃ | ၁၃ |
| ၁၇ | စီမံချက်ဆိုင်ရာ အချက်အလက်များ | ၁၄ | ၁၆ |
| ၁၈ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၁၇ | ၁၇ |
| **နောက်ဆက်တွဲများ** | | | |
| ၁၉ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၈ | ၄၉ |

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ အဖွဲ့စည်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏ အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့
နောင်မွန်းကျေးရွာ၊ တီကျစ်ကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်


# ပင်လောင်းမြို့နယ် ၊ နောင်မွန်းကျေးရွာ၏ သယံဇာတပြမြေပုံ


သဘာဝသယံဇာတ အာစရိပြမြေပုံ
နောင်မွန်းကျေးရွာ အိုက်ချစ်ကျေးရွာအုပ်စု
ပြက်စွဲ - ၇ - ၃ - ၂၀၂၅
ယာခင်း
ကုန်းတောကြီးကျေးငယ်
ဆည်မောင်းမြို့ သို့
ကုန်းတောကြီးကျေးငယ်
ကုန်းတောကြီးကျေးငယ်
ကုန်းတောကြီးကျေးငယ်

# ပင်လောင်းမြို့နယ်၊ နောင်မွန်းကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



ပင်လောင်းမြို့နယ်၊ နောင်မွန်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

နောင်မွန်းကျေးရွာသည် ပင်လောင်းမြို့နယ်၏ မြောက်ဘက် (၂၅/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး ပင်လောင်း-အောင်ပန်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တီကျစ်ကျေးရွာလမ်းခွမှ သွားရောက်နိုင်ပါသည်။ နောင်မွန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ကြက်သွန်၊ ငရုပ် စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အသင့်အတင့်ရှိပြီး စီးပွားဖြစ် မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၁.၂၃ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုပါသည်။

### ၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

နောင်မွန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် နောင်လင်ကျေးရွာ၊ တောင်ဘက်တွင် နောင်ဂါးမိုးကျေးရွာ၊ မြောက်ဘက်တွင် ဆည်ခေါင်းကျေးရွာနှင့် အရှေ့ဘက်တို့တွင် တီကျစ်ကျေးရွာတည်ရှိပါသည်။ ကျေးရွာ၏လယ်ယာမြေနှင့် တောင်ယာမြေများသည် မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာအတွင်းနှင့် ကျေးရွာအနီးနားတွင် သဘာဝတွင်းထွက်သယံဇာတများ မတွေ့ရှိရပါ။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

နောင်မွန်းကျေးရွာအတွင်း ရေကော်မတီအဖွဲ့၊ သမချေးငွေအဖွဲ့၊ မြစိမ်းရောင်အဖွဲ့ ၊ ဓမ္မစကြာအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ရွာသန့်ရှင်းရေးအဖွဲ့ စသည့်အဖွဲ့အစည်းများရှိပြီး ပြင်ပအသင်းအဖွဲ့များမရှိပါ။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍ အလိုက်ဖြစ်သည့် လုပ်ငန်း တာဝန်များအား တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဌာန၊ မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

### ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

#### (က) သီးနှံစိုက်ပျိုးရေး

နောင်မွန်းကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အိမ်ထောင်စု၏(၈)စုသည် အဆင်ပြေသောအိမ်ထောင်စု၊(၁၈)စုသည် အလယ်အလတ်အိမ်ထောင်စု၊

(၁၀၀)စုသည် ဆင်းရဲသောအိမ်ထောင်စုနှင့် ကျန်(၂၄)စုသည် အလွန်ဆင်းရဲသောအိမ်ထောင်စုများ အဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု အသင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေး သုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက် (၅)စီး၊ ရေစုပ်စက်(၇၈)စီး၊ ပိုင်ဆိုင်ကြပါသည်။ စိုက်ပျိုးရေးအနေဖြင့် ချောင်းရေးကို အဓိကထားပြီး စိုက်ပျိုးနိုင်ကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတု အနေအထားသည် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းမွန်သည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက် မတည်မငြိမ်ခြင်းတို့ကြောင့် တောင်သူများ အမြတ်ရရှိမှု နည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိသော စိုက်ပျိုးရေးလုပ်ကိုင် ကြသည့်အိမ်ထောင်စုများနှင့် အခြားဆင်းရဲသော အိမ်ထောင်စုအများစုသည် လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

နောင်မွန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် နွားမွေးမြူသည့် အိမ်ထောင်စု(၆၇)စုနှင့် တပိုင်တနိုင် ဝက်နှင့်ကြက် မွေးမြူကြသည်ကို တွေ့ရှိရပါသည်။

**(ဂ)ငါးလုပ်ငန်း**

နောင်မွန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ**

နောင်မွန်းကျေးရွာတွင် စီးပွားဖြစ် ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ လယ်ယာ စိုက်ပျိုးရေးအတွက် အမျိုးသား၏ လုပ်အားခနှုန်းထားနှင့် အမျိုးသမီးလုပ်အားခသတ်မှတ်နှုန်းထား တန်းတူ ရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းမှာမှ အမျိုးသားနှင့်အမျိုးသမီး လုပ်အားခနှုန်းထား ကွာဟမှုအနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် လုပ်အားခရရှိမှုမှာ အမျိုးသားနှင့် အမျိုးသမီး အနည်းငယ်ကွာဟမှုရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်း ကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများတွင် အခွင့် အလမ်းနည်းပါးပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

နောင်မွန်းကျေးရွာမှ တောင်သူများသည် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းအတွက် အရေးပေါ်လိုအပ်လာပါက ဆွေမျိုးများနှင့် သမချေးငွေထံတွင် ချေးယူကြရပါသည်။

## ၅။ **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

နောင်မွန်းကျေးရွာတွင် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်း ဆောင် (၉၀'×၃၀')(၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့်မှာ မူလွန်အဆင့် ဖြစ်သောကြောင့် စာသင်ဆောင်လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး မရှိသေးပါ။ ကျေးရွာတွင်းလမ်းများသည် ကျောက်ခဲလမ်း များဖြစ်ခြင်းကြောင့် တစ်နှစ်ပတ်လုံး သွားလာရန် အဆင်ပြေပါသည်။ ကျေးရွာ၏ မီးလင်းရေး အနေဖြင့် လျှပ်စစ်မီးကို တပ်ဆင်အသုံးပြုလျက်ရှိပါသည်။ဆက်သွယ်ရေးနှင့်ပတ်သက်၍ ဖုန်းလိုင်း၊ အင်တာနက်လိုင်း အသင့်အတင့်ကောင်းမွန်သဖြင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍတွင် များတွင် စိတ်ပါဝင်စားလျက်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

## ၆။ **ပညာရေး**

နောင်မွန်းကျေးရွာ၏ ပညာရေးကဏ္ဍသည် အခြေခံပညာမူလွန်အဆင့် ရှိပြီး စာသင်ကျောင်း ဆောင်(၁)ဆောင် ရှိပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသား ဦးရေ(၈၄)ဦး၊ အလယ်တန်း(၂၅)ဦး၊ အထက်တန်း(၆)ဦးနှင့် တက္ကသိုလ် အဆင့်(၄) ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် မူလတန်းအဆင့်(၂၁၄)ဦး၊ အလယ်တန်းအဆင့်(၁၅၉)ဦး၊ အထက်တန်း အဆင့်(၈)ဦးနှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၈)ဦးရှိပြီး စာမတတ်သူ(၇၂)ဦး ရှိပါသည်။ ရွာသူ/ သားများ အားလုံးနီးပါး စာရေးတတ်ဖတ်တတ်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကို မဖြစ်မနေတက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာ ကြပါသည်။ ကျေးရွာတွင် ပညာရေးနှင့် ပတ်သတ်ပြီး စာတတ်မြောက်မှုနှုန်း အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအထိ ပညာသင်ကြားမှု အသင့်အတင့် ရှိပါသည်။

## ၇။ **ကျန်းမာရေး**

နောင်မွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များ အတွက် တီကျစ်တိုက်နယ်ဆေးရုံ၊ ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် အောင်ပန်းပုဂ္ဂလိက ဆေးရုံများသို့သွားရောက် ကုသမှုခံယူကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာ သူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စိမ့်စမ်းရေကို အသုံးပြုကြ ပြီး

တစ်နှစ်ပတ်လုံး သောက်သုံးရန်အတွက် လုံလောက်မှုရှိပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာစနစ်ဖြင့် ဆောက်လုပ်အသုံးပြုကြပါသည်။ ရွာလုံးကျွတ် ယင်လုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများ ဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ် ထားသဖြင့် ကျောင်းသူ/ သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ ကျေးရွာတွင် ဆီးချိုနှင့်သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းမှာ စိုးရိမ်ရပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး**

နောင်မွန်းကျေးရွာသည် ရံဖန်ရံခါမိုးခေါင်ခြင်း မှလွဲ၍ အခြားဘေးအန္တရာယ် ကျရောက်မှုများ မရှိပါ။ကျေးရွာတွင် ကြက်သွန်နှင့် ငရုပ်စိုက်ပျိုးမှုများတွင် ရံဖန်ရံခါ ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ် ဆေးများ သုံးစွဲမှုများပြားလာပြီး ဓါတုဓာတ်မြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများ အသုံးပြုမှု များပြားလာခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှု အားနည်းခြင်းနှင့် အသိပညာဗဟုသုတများ သိရှိမှုအားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**၉။ ကျား/မရေးရာ**

နောင်မွန်းကျေးရွာတွင် ကျား၊ မ ရေးရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်သည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များ အတိုင်းကျင့်သုံးကြပါသည်။ ကျား၊မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြား ဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ အနည်းငယ်ကွာဟမှု ရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ နည်းပါးလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

နောင်မွန်းကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တစ်ချို့

စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်တွင်း/ပြင်ပအဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကျေးရွာလူထုများမှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | စီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၄ ၂၀၂၅ | ၂၀၂၅ ၂၀၂၆ | ၂၀၂၆ ၂၀၂၇ | ၂၀၂၇ ၂၀၂၈ | ၂၀၂၈ ၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁ | ရေပိုက်သွယ်တန်းခြင်း (၇၁၆၃)ပေ | ၁ | √ | | | | |
| ၂ | နောင်မွန်းကျေးရွာအရှေ့ဘက် ကုန်ထုတ်လမ်းရေချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်း( ၁၄' ×၁၀' × ၆'') | ၂ | | √ | | | |
| ၃ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁၅၀၀' ×၁၂'× ၆'') | ၃ | | | √ | | |
| ၄ | ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း (၁၂၀' × ၂၅' × ၁၂') | ၄ | | | | √ | |
| ၅ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀'x၃၀'x၁၂') | ၅ | | | | | √ |

**၁၁။ နောင်မွန်းကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်**

| စဉ် | စီမံချက်အမည် | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ရေပိုက်သွယ်တန်းခြင်း (၇၁၆၃)ပေ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅၀ | ၁ |
| ၂ | နောင်မွန်းကျေးရွာအရှေ့ဘက် ကုန်ထုတ်လမ်း ရေချောင်းကူး တံတားတည်ဆောက် ခြင်းလုပ်ငန်း( ၁၄' ×၁၀' × ၆'') | ၉ | ၁၀ | ၉ | ၉ | ၉ | ၄၆ | ၂ |
| ၃ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁၅၀၀' ×၁၂'× ၆'') | ၉ | ၉ | ၁၀ | ၆ | ၉ | ၄၃ | ၃ |
| ၄ | ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း (၁၂၀' ×၂၅' ×၁၂') | ၈ | ၇ | ၉ | ၈ | ၈ | ၄၀ | ၄ |
| ၅ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀'x၃၀'x၁၂') | ၇ | ၇ | ၇ | ၉ | ၇ | ၃၇ | ၅ |

၁၂။ **နောင်မွန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးသိန်းတန် | ဦးချဲ | ၁၃/နတရ(နိုင်)၀၀၀၆၈၆ | ဥက္ကဋ္ဌ | |
| ၂ | ဦးထွန်းကြည် | ဦးသန်း | ၁၃/နတရ(နိုင်)၀၁၉၁၈၀ | အတွင်းရေးမှူး | |
| ၃ | ဦးသန်းဝင်း | ဦးဖိုးနီ | ၁၃/ပလန(နိုင်)၀၅၃၆၂၅ | ဘဏ္ဍာရေးမှူး | |
| ၄ | ဒေါ်နန်းလှဦး | ဦးအောင်ကြည် | ၁၃/နတရ(နိုင်)၀၂၉၆၅၅ | စာရင်းကိုင် | |
| ၅ | ဦးလှတင် | ဦးပျော် | ၁၃/ပလန(နိုင်)၀၄၈၅၀၁ | အဖွဲ့ဝင် | |
| ၆ | ဒေါ်ခင်စိန် | ဦးဖိုးခို | ၁၃/နတရ(နိုင်)၀၀၃၄၂၄ | အဖွဲ့ဝင် | |
| ၇ | ဦးယဉ်ထွေး | ဦးအောင်စိန် | ၁၃/နတရ(နိုင်)၀၁၉၆၆၈ | အဖွဲ့ဝင် | |
| ၈ | ဒေါ်မိစိန် | ဦးချစ်ထွန်း | ၁၃/နတရ(နိုင်)၀၂၇၁၅၆ | အဖွဲ့ဝင် | |
| ၉ | ဒေါ်နန်းသိန်းမြ | ဦးဖိုးယုံ | ၁၃/နတရ(နိုင်)၀၀၉၈၇၇ | အဖွဲ့ဝင် | |

၁၃။ **နောင်မွန်းကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးလှတင် | ဦးပျော် | ၁၃/ပလန(နိုင်)၀၄၈၅၀၁ | ဥက္ကဋ္ဌ | |
| ၂ | ဦးသန်းဝင်း | ဦးဖိုးနီ | ၁၃/ပလန(နိုင်)၀၅၃၆၂၅ | ဘဏ္ဍာရေးမှူး | |
| ၃ | ဒေါ်နန်းလှဦး | ဦးအောင်ကြည် | ၁၃/နတရ(နိုင်)၀၂၉၆၅၅ | စာရင်းကိုင် | |

## ၁၄။ စီမံချက်ဆိုင်ရာ အချက်အလက်များ

### စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )

| | |
|---|---|
| ကျေးရွာ | - နောင်မွန်းကျေးရွာ |
| ကျေးရွာအုပ်စု | - တီကျစ်ကျေးရွာအုပ်စု |
| မြို့နယ် | - ပင်လောင်းမြို့နယ် |
| တိုင်း/ပြည်နယ် | - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |

| |
|---|
| စီမံချက်အမည် - ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း |

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ကျွန်တော်တို့ကျေးရွာသည် လက်ရှိသောက်သုံးရေကို စိမ့်စမ်းရေကိုသာ အဓိကသောက်သုံးပြီး ရေထွက်မှ ကျေးရွာကို(၁)လက်မရေပိုက်ဖြင့် ကိုယ်ထူကိုယ်ထ သွယ်တန်းထားပါသည်။ ကျေးရွာသို့ ရောက်ရှိမှုမှာ အားကောင်းသော်လည်း ကျေးရွာမှ ရေပိုက်သွယ်ထားခြင်းမရှိသည့် အတွက် တစ်နှစ်ပတ်လုံးရေသုံးစွဲနိုင်ရန်အခက်အခဲရှိပါသည်။ နွေရာသီအချိန်တွင် ရေရှားပါးခြင်း၊ သောက်သုံးရေမဖူလုံခြင်း တို့ကြောင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ နာရေးကိစ္စရပ်များတွင် အခက်အခဲရှိပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

VDP စီမံကိန်းဖြင့် ကျေးရွာရေပိုက်သွယ်တန်းခြင်း လုပ်ငန်းတည်ဆောက်ခြင်းနှင့်လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာမှ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းကို ဆောင်ရွက်ရန်အတွက်လည်းကျေးရွာသူ/သားများ ကိုယ်တိုင်ရွေးချယ်အတည်ပြုထားပါသည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

(VDP)စီမံကိန်းဖြင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာ၏ ရေဖူလုံစွာသောက်သုံးနိုင်ခြင်း၊ ပညာရေး/ကျန်းမာရေးအတွက် လိုအပ်သော သန့်ရှင်း သောသောက်သုံးရေအား ဖူလုံစွာရရှိနိုင်မည်ဖြစ်ပါသည်။ ကျေးရွာမှ သာရေး၊နာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း ရေဖူလုံမှုရရှိနိုင်မည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )**

VDP စီမံကိန်းထောက်ပံ့ငွေဖြင့် ရေပေးရေးလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာမှပြည်သူ/သားများမှ လုပ်အားနှင့်ငွေအားများကိုလည်း တတ်နိုင်သလောက်ထည့်ဝင်၍ ပူးပေါင်းဆောင်ရွက်သွားပါမည်။

| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅၀၀၀၀၀၀/-(ငွေသား)<br>• - /- (ငွေသား)<br>• ပစ္စည်း၊လုပ်အား (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | ၃၀၆ | ၃၀၃ | ၆၀၉ | ၈ | ၁၈ | ၁၀၀ | ၂၄ | ၁၅၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၃၀၆ | ၃၀၃ | ၆၀၉ | ၈ | ၁၈ | ၁၀၀ | ၂၄ | ၁၅၀ |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း( များ )**<br>- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>- ကျေးရွာလူထု<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -** ၂၆-၂-၂၀၂၄ |
| **(၃) စီမံချက် ပြီးစီးမည့် အချိန်** - ၃-၃-၂၀၂၄ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများသည် စီမံကိန်းမဆောင်ရွက်မီ ကျေးရွာသူ/သားများအား အစည်းအဝေးခေါ်ယူရန် VDP ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းသွားမည်ဖြစ်ပြီး ကျေးရွာသူ/သားများကိုလည်း လုပ်အားများထည့်ဝင်နိုင်ရေး စည်းရုံးဆောင်ရွက်သွားပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည့် ရန်ပုံငွေရရှိရေးအတွက်ကျေးရွာမှ သက်ဆိုင်ရာကော်မတီ တစ်ရပ်ပြန်လည်ဖွဲ့စည်း၍ အဆိုပါ ကော်မတီထံသို့ |

လုပ်ငန်းစနစ်တကျအပ်နှံသွားမည်ဖြစ်ကြောင်း ကော်မတီမှ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် ရန်ပုံငွေများရရှိရေးအတွက် ဆက်လက်စည်းရုံးဆောင်ရွက်သွားပါမည်။

၁၅။ **နောင်မွန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ရေပိုက်လိုင်းများပျက်စီးနေခြင်း | ပိုက်လိုင်းများပြုပြင်ခြင်း | ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ရေပိုက်သွယ်တန်းခြင်း (၇၁၆၃)ပေ |
| ၂ | သွားလာဆက်သွယ်ရန် ခက်ခဲခြင်းနှင့် ထုတ်ကုန်များသယ်ယူပို့ဆောင်ရာတွင် ခက်ခဲခြင်း | တံတားပျက်စီးနေခြင်း | လူထုပူးပေါင်းမှုအားကောင်းခြင်း | သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | နောင်မွန်းကျေးရွာအရှေ့ဘက် ကုန်ထုတ်လမ်း ရေချောင်းကူး တံတားတည်ဆောက်ခြင်းလုပ်ငန်း( ၁၄' ×၁၀' × ၆'') |
| ၃ | မိုးရာသီတွင် သွားလာရန်ခက်ခဲခြင်း | မိုးရာသီချိန်တွင် ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးခြင်း | ကျေးရွာစိတ်အားထက်သန်မှုရှိခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်း (၁၅၀၀' ×၁၂'× ၆'') |
| ၄ | ဆရာ/ဆရာမနေရာထိုင်ခင်းခက်ခဲခြင်း | ဝန်ထမ်းအိမ်ရာ လုံလောက်မှု မရှိခြင်း | ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းခြင်း | သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း (၁၂၀' ×၂၅' ×၁၂') |
| ၅ | ကျေးရွာအစည်းအဝေးဆောင်ရွက်ရန်စုရုပ်နေရာခက်ခဲခြင်း | ကျေးရွာပိုင်ခန်းမဆောင်မရှိခြင်း | လူထုပူးပေါင်းမှုအားကောင်းခြင်း | နည်းပညာအခက်အခဲနှင့်ငွေကြေး | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀'x၃၀'x၁၂') |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | - | ၂ | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၅ | ၂၆ | | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၅ | ၅၃ | | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၂၇ | ၅၄ | | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၄ | ၂၁၅ | ၄၃၉ | ၁ | | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၁ | ၃၅ | | | |
| **စုစုပေါင်း** | | **၃၀၆** | **၃၀၃** | **၆၀၉** | **၁** | | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၀** | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေ ကျား၊မ စုစုပေါင်း (၆၀၉)ဦး ရှိပြီး မသန်စွမ်းသူဦးရေ (၂)ဦး ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ စုစုပေါင်း အိမ်ခြေ (၁၅၀)ရှိပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အိမ်ကအလုပ်အကိုင် | | | | | အိမ်က ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂၁ | ၂၈၇ | ၂၈ | ၂၀ | ၃၅ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၁၀၈ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ နောင်မွန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပြီး မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သူ မရှိပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | | ၁၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျော်ရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျားမ မခွဲခြားဘဲလုပ်အားခ တန်းတူရရှိကြပြီး လက်သမား/ပန်းရံ လုပ်ငန်းတွင် အမြင့်ဆုံးလုပ်အားခ ၁၅၀၀၀ နှင့် အနိမ့်ဆုံးလုပ်အားခ ၁၃၀၀၀ သတ်မှတ်နှုန်းထား ရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၈၁ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၅၆ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | ၂၃၇ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျော်ရွာတွင် လယ်မြေ စိုက်ဧက(၈၁)ဧက နှင့် တောင်ယာမြေကို အဓိကစိုက်ပျိုးကြပြီး စိုက်ဧက(၁၅၆)ဧက ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီးနားတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ နှင့် ဆောက်လုပ်ရေးသုံး ကျောက်၊ သဲ ၊ ကျောက်စရစ်များ ထွက်ရှိမှု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၈ | ၁၈ | ၁၀၀ | ၂၄ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျေးရွာတွင် အိမ်ထောင်စု (၁၅၀)စု ရှိသည့်အနက် အိမ်ထောင်စု (၈)စုမှာ စီးပွားရေးကောင်းမွန်ကြပြီး အသင့်အတင့်ကောင်းမွန်သော အိမ်ထောင်စု(၁၈)စု၊ ဝင်ငွေနည်းပါးသော အိမ်ထောင်စု (၁၀၀)စုနှင့် အလွန်နည်းပါးသော အိမ်ထောင်စု (၂၄)စု ရှိသည်ကို လေ့လာတွေ့ရှိရ ပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃ | ၃ | အခြားအစားပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____၃_____ |
| ၃ လနှင့် ၆ လ ကြားဝမ်းစာဖူလုံမှု | ၃၂ | | အခြားအစားပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____၁၂_____<br>လုပ်အားခကြိုယူ = _____၂၀_____ |
| ၆ လ မှ ၁၂ လ အထိဝမ်းစာဖူလုံမှု | | | အခြားအစားပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____ ___<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ခက်ခဲသောအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုအတွက် ချေးငွေချေးယူခြင်းနှင့် လုပ်အားခကြိုယူခြင်းစသည်တို့ဖြင့် အခက်အခဲများဖြေရှင်းကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲ သည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ မရှိသေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ် လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ | | | |
|---|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် | နိမ့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | ✔ | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂ | ရေကြီးခြင်း | ✔ | | | ✔ | | | |
| ၃ | မုန်တိုင်း | ✔ | | | ✔ | | | |
| ၄ | ဆူနာမီ | ✔ | | | ✔ | | | |
| ၅ | တိုင်ဖွန်းမုန်တိုင်း | ✔ | | | ✔ | | | |
| ၆ | လေဆင်နာမောင်း | ✔ | | | ✔ | | | |
| ၇ | ငလျင် | ✔ | | | ✔ | | | |
| ၈ | အပူလွန်ကဲခြင်း | ✔ | | | ✔ | | | |
| ၉ | စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှု | ✔ | | | ✔ | | | |
| ၁၀ | အအေးလွန်ကဲခြင်း | ✔ | | | ✔ | | | |
| ၁၁ | မိုးသီးမုန်တိုင်း | ✔ | | | ✔ | | | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | | ✔ | | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | | | ✔ | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✔ | | | ✔ | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✔ | | | ✔ | | | |
| ၁၆ | မြေပြိုခြင်း | ✔ | | | ✔ | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | | | | |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✔ | | | ✔ | | |
| ၁၈ | သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ) | | ✔ | | | ✔ | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း | ✔ | | | ✔ | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✔ | | | ✔ | | | |
| ၂၁ | ၄က်ဖျားရောဂါ | ✔ | | | ✔ | | | |
| ၂၂ | တီဘီရောဂါ | ✔ | | | ✔ | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | | | ✔ | | | |
| ၂၄ | ကူးစက်ရောဂါ | ✔ | | | ✔ | | | |
| ၂၅ | ပြည်တွင်း ပဋိပက္ခ | ✔ | | | ✔ | | | |
| ၂၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ✔ | | | ✔ | | | |
| ၂၇ | လူကုန်ကူးခြင်း | ✔ | | | ✔ | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေး ခက်ခဲခြင်း စသည် | ✔ | | | ✔ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

**မှတ်ချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ/သားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ထိခိုက်သက်ရောက်လွယ်မှု နည်းပါးပြီး မိုးခေါင်ခြင်း ရံဖန်ရံခါ တွေ့ရှိရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✔ | | | ✔ | | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | | ✔ | | | ✔ | |
| ၃ | ဆင်းရဲသားတောင်သူ | | ✔ | | | ✔ | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | ✔ | | | ✔ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✔ | | | ✔ | | |
| ၆ | မတော်တဆမှု ဖြစ်နိုင်ချေများသော နေရာတွင် နေထိုင်သူများ | ✔ | | | ✔ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | ✔ | | | ✔ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✔ | | | ✔ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✔ | | | ✔ | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | | ✔ | ✔ | | |
| ၁၁ | လူနည်းစုလူမျိုးများ | | ✔ | | ✔ | | |
| ၁၂ | ဒေသတွင်း ပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | ✔ | | | ✔ | | |
| ၁၆ | နေရပ်ပြန် အခြေချသူများ | ✔ | | | ✔ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | ✔ | | | ✔ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် လက်လုပ်လက်စားများ၊ကျပန်းများ တို့ ထိခိုက်လွယ်မှုအခြေအနေမှာ အသင့်အတင့်တွေ့ရှိရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဓမ္မစကြာအဖွဲ့ | ၁☐ ၂☐ ၃☑ | | ၂၀ | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | မြစိမ်းရောင်အဖွဲ့ | ၁☑ ၂☐ ၃☐ | ၅ | ၄ | ၉ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | သမချေးငွေအဖွဲ့ | ၁☑ ၂☐ ၃☐ | ၅ | ၄ | ၉ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | ရေကော်မတီ | ၁☐ ၂☑ ၃☐ | ၅ | ၄ | ၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | ကျောင်းကော်မတီ | ၁☐ ၂☑ ၃☐ | ၅ | | ၅ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၃၀ | ၂၅ | ၅၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၇ | ရွာသန့်ရှင်းရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၂၅ | ၂၀ | ၄၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျေးရွာတွင် လူထုအခြေပြုအဖွဲ့ပေါင်း(၇)ဖွဲ့ရှိပါသည်။၎င်းး (၇)ဖွဲ့တွင် ဓမ္မစကြာအဖွဲ့၊ မြစိမ်းရောင်အဖွဲ့၊ သမချေးငွေအဖွဲ့၊ ရေကော်မတီအဖွဲ့၊ ကျောင်းကော်မတီ၊ လူငယ်အဖွဲ့ နှင့် ရွာသန့်ရှင်းရေးအဖွဲ့တို့တွင် အမျိုးသမီးများပါဝင်သည်ကို လေ့လာ တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများအနေဖြင့် လာရောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၂ | ၁၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၇၄ | ၁၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၃၄ | ၅ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | | | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၅၀** | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၄၂)စုရှိပြီး မြေပိုင်ဆိုင်မှုမှာ ၁ ဧက အထက်ပိုင်ဆိုင်ကြပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ☐ | |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | ၁၀ | တစ်နှစ်ပတ်လုံး☑<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ နောင်မွန်းကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချောင်းရေကို အဓိက ထားစိုက်ပျိုးကြပါသည်။ သောက်သုံးရေးအတွက်မှ စိမ့်စမ်းရေကို တစ်နှစ်ပတ်လုံး လုံလောက်စွာ အသုံးပြုနိုင်ပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

